**(၁၆-၄-၂၀၂၁) မှ (၂၂-၄-၂၀၂၁ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း**

၁။ ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၁၂၅) နိုင်ငံအနက် Mauritius နိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် (၁၀.၀၀ %) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး Cayman Islands တွင် (၉.၂၀ %)၊ တူနီးရှားနိုင်ငံတွင် (၅.၀၀ %)နှင့် ယူဂန္ဓာနိုင်ငံတွင် (၄.၈၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၅၁) နိုင်ငံရှိကြောင်း တွေ့ရှိရ ပါသည်။

၂။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နီပေါ၊ တရုတ်၊ တောင်ကိုရီးယား၊ အာဂျင်တီးနား၊ ဂရိ၊ အစ္စရေး၊ ကင်ညာ၊ ဂျော်ဒန်နှင့် နယ်သာလန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၅၈) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်း မရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၃။ ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ပီရူး၊ ဖင်လန်၊ ဘရာဇီး၊ ဆွစ်ဇာလန်၊ ခရိုအေးရှားနှင့် ဟန်ဂေရီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၆) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၁၀.၁၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာ နိုင်ငံတွင် (၂.၉၀ %)၊ ထိုင်းနိုင်ငံတွင် (၁.၈၀ %) နှင့် စင်ကာပူနိုင်ငံတွင် (၁.၂၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅။ **ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း (၁၂၅) နိုင်ငံအနက် Cayman Islands သည် ယခင်အပတ် ဈေးနှုန်းထက် (၁၀.၀၀ %) ဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး

Uzbekistan နိုင်ငံတွင် (၅.၄၀ %)၊ တူနီးရှားနိုင်ငံတွင် (၄.၉၀ %)နှင့် Saint Lucia နိုင်ငံတွင် (၄.၅၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၄၃) နိုင်ငံ ရှိကြောင်း တွေ့ရှိရပါသည်။

၆။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နီပေါ၊ တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဒိန်းမတ်၊ ဂျာမနီ၊ ပိုလန်၊ ကာတာနှင့် ဆူဒန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း (၅၇) နိုင်ငံတို့တွင် ယခင် အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲ မရှိဘဲ ဒီဇယ် ဈေးနှုန်း တည်ငြိမ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ချက်၊ ဂရိ၊ အန်ဒိုရာ၊ နယ်သာလန်၊ ယူကရိန်း၊ ဖင်လန်၊ ဘရာဇီးနှင့် ဟန်ဂေရီ စသည့်နိုင်ငံများ အပါ အဝင် နိုင်ငံပေါင်း (၂၅) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၁၁.၈၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၈။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် (၃.၂၀ %)၊ ထိုင်းနိုင်ငံတွင် (၂.၆၀ %)နှင့် စင်ကာပူနိုင်ငံတွင် (၁.၅၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၆ | ၀.၆၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၇၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၂ | ၀.၇၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၃ | ၀.၆၂ |
| ၅ | စင်ကာပူ | လီတာ | ၁.၇၃ | ၁.၃၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၈၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၈၀ |
| ၉ | လာအို | လီတာ | ၁.၀၅ | ၀.၈၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၉။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၁၅) နှင့် ဒီဇယ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၀၂) ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ (၀.၇၆) ဒေါ်လာနှုန်းဖြင့် (၃၁) နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ (၀.၆၈) ဒေါ်လာနှုန်းဖြင့် (၃၄) နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၄၇ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၂.၁၀ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၅ | နော်ဝေ | လီတာ | ၂.၀၈ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဖင်လန် | လီတာ | ၁.၉၅ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၆ | ဒိန်းမတ် | လီတာ | ၁.၉၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၇ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၉၀ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | အစ္စရေး | လီတာ | ၁.၈၂ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | UK | လီတာ | ၁.၈၁ |
| ၅ | အီကွေဒေါ | လီတာ | ၀.၃၈ | နော်ဝေ | လီတာ | ၁.၈၁ |

၁၀။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၉ | ၀.၉၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၄ | ၁.၁၃ |

၁၁။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၈.၄.၂၀၂၁ | စည် | ၅၉.၆၀ |
| ၂ | ၉.၄.၂၀၂၁ | စည် | ၅၉.၆၅ |
| ၃ | ၁၂.၄.၂၀၂၁ | စည် | ၅၉.၇၀ |
| ၄ | ၂၀.၄.၂၀၂၁ | စည် | ၆၂.၄၄ |
| ၅ | ၂၁.၄.၂၀၂၁ | စည် | ၆၁.၃၅ |

source : http://www.oil-price.net/

၁၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့မှ ဧပြီလ (၁၉) ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




၁၃။ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများအနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဧပြီလ ၂၁ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၉၀၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၉၁၀ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၉၂၀ ကျပ်ဖြင့် ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၄။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၇၇၀ ကျပ်၊ တောင်ကြီးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၄၅၀ ကျပ်၊ လားရှိုးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၄၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၄၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၉၃ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၁၂၆ ကျပ်၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၂၈၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၂၄၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ် မြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။